၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်

# ရခိုင်ပြည်နယ်၏ ရသုံးခန့်မှန်းခြေ

# ငွေစာရင်းဆိုင်ရာအချက်အလက်များ



# Rakhine State Citizen's Budget



# ရခိုင်ပြည်နယ်၏
# ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်
# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ
# အချက်အလက်များ
# (Citizen's Budget)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(   )ရက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ထုတ်ဝေပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဥပဒေ့ချုပ်ဖြင့် | ၁ |
| ၂။ | နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ | ၂-၃ |
| ၃။ | ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများတွင် ထုတ်ဝေလေ့ရှိသော စာစောင်များ | ၄ |
| ၄။ | Citizen’s Budget စာစောင်ဆိုတာ ဘာလဲ | ၅ |
| ၅။ | ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် ဖြစ်ပေါ်နိုင်သည့် အခြေအနေ (၃) မျိုး | ၆ |
| ၆။ | ရသုံးခန့်မှန်းခြေငွေစာရင်း | ၇ |
| ၇။ | ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ဝေါဟာရကောက်နုတ်ချက်များ | ၇-၈ |
| ၈။ | ဘတ်ဂျက်စက်ဝန်း (Budget Cycle) | ၉ |
| ၉။ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းခြင်း | ၁၀-၁၁ |
| ၁၀။ | တိုင်းဒေသကြီး / ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြခြင်းနှင့် တိုင်းဒေသကြီး / ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအတည်ပြုခြင်း | ၁၁ |
| ၁၁။ | နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework – MTFF) | ၁၂-၁၃ |
| ၁၂။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ | ၁၃ |
| ၁၃။ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) | ၁၄ |
| ၁၄။ | ရခိုင်ပြည်နယ်၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ | ၁၄ |
| ၁၅။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊အဖွဲ့အစည်းများ ရငွေ၊ သုံးငွေလျာထားချက်များ | ၁၅ |
| ၁၆။ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန်၊ ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ)နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ ရငွေ၊ သုံးငွေ အခြေအနေ | ၁၆ |
| ၁၇။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ ငွေလုံးငွေရင်းအသုံးစရိတ် ငွေစာရင်းခေါင်းစဉ်အလိုက် အသုံးစရိတ်(ရာခိုင်နှုန်း)အခြေအနေ | ၁၆ |
| ၁၈။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ | ၁၇ |
| ၁၉။ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမှ ရခိုင်ပြည်နယ်သို့ ခွဲဝေပေးသည့် အခွန်ဝေစုများ | ၁၇ |
| ၂၀။ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမှ ရခိုင်ပြည်နယ်သို့ လိုငွေအတွက် ထောက်ပံ့ငွေများ | ၁၇ |
| ၂၁။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ စုစုပေါင်းရငွေနှင့် အသုံးစရိတ်အခြေအနေ | ၁၈ |
| ၂၂။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ စုစုပေါင်းရငွေ ရရှိနိုင်မှုခန့်မှန်းခြေ (ရာခိုင်နှုန်း) | ၁၈ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ အခွန်အကောက်ရငွေလျာထားချက်များ | ၁၉ |
| ၂၄။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ အခွန်အမျိုးအစားအလိုက် ခန့်မှန်းခြေ (ရာခိုင်နှုန်း) | ၂၀ |
| ၂၅။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ဌာန၊ အဖွဲ့အစည်းများသို့ခွဲဝေပေးသည့် အသုံးစရိတ် (ရာခိုင်နှုန်း) အခြေအနေ | ၂၀ |
| ၂၆။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ စုစုပေါင်းအသုံးစရိတ်အပေါ် သာမန်အသုံးစရိတ်နှင့်ငွေလုံးငွေရင်းအသုံးစရိတ် (ရာခိုင်နှုန်း) အခြေအနေ | ၂၁ |
| ၂၇။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ်အပေါ် ဆောက်လုပ်ရေးလုပ်ငန်းအသုံးစရိတ် (ရာခိုင်နှုန်း) အခြေအနေ | ၂၁ |
| ၂၈။ | ဘဏ္ဍာရေးမူဝါဒ | ၂၂ |
| ၂၉။ | ဘဏ္ဍာရေးကျင့်စဉ်ကြီးများ | ၂၃ |
| ၃၀။ | အသုံးစရိတ်အတွက် အခြေခံအချက်များ | ၂၃ |
| ၃၁။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်ရှိ မြို့နယ်(၁၇)ခု၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများ | ၂၄-၂၈ |
| ၃၂။ | ပြည်နယ်လမ်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ | ၂၉ |
| ၃၃။ | ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ | ၃၀ |
| ၃၄။ | ပြည်နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ | ၃၁ |
| ၃၅။ | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ | ၃၂ |
| ၃၆။ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ | ၃၃-၃၄ |
| ၃၇။ | UNDP မှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မြို့နယ်(၅)မြို့နယ်အတွက် ဖွံ့ဖြိုးမှုအထောက်အပံ့ ရန်ပုံငွေအား ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲသွားမည့်လုပ်ငန်းများစာရင်း | ၃၅-၃၆ |

# ဥပဒေဗျူဟာ ... 

၁။ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ၂၆-၉-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ရခိုင်ပြည်နယ်လွှတ်တော်မှ ဥပဒေအမှတ်-၁၁။ ဖြင့် အတည်ပြုခဲ့ပြီး ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေအဖြစ် ပြည်နယ်ဝန်ကြီးချုပ်မှ လက်မှတ်ရေးထိုးပြဌာန်းခဲ့ပါသည်။

၂။ ဥပဒေနှင့်အညီ လျာထားသုံးစွဲမည့် ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း အလေအလွင့်မရှိ ထိထိရောက်ရောက် အကျိုးရှိရှိ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ပြည်နယ် အဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လိုက်နာဆောင်ရွက်ရန်အချက်များကို ဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းထားပါသည်။

၃။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ မူဝါဒရည်မှန်းချက်များ အောင်မြင်စေရန် ထိရောက်ကောင်း မွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြစ်စေရန်နှင့်ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာ မှုရှိစေရန်အတွက် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကို အခြေခံ၍ ဘတ်ဂျက်ဆိုင်ရာပွင့်လင်းမြင်သာမှု မှတ်တိုင်အဖြစ် ရခိုင်ပြည်နယ် ၏ **"၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်၊ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (Citizen's Budget) စာစောင်"**ကို ထုတ်ဝေရခြင်း ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂)ချက် အကောင်အထည်ဖော်ရာ၌ ပွင့်လင်း မြင်သာသည့် ပြည်သူ့ဘဏ္ဍာရေးဖြစ်စေရန် ရခိုင်ပြည်နယ်အနေဖြင့် အထူးအလေးထား အကောင် အထည်ဖော်လျက်ရှိပါကြောင်းပြည်သူလူထုသို့ အစီရင်ခံအပ်ပါသည်။

ဦးကျော်အေးသိန်း

ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး

ရက်စွဲ။ ။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (       ) ရက်

# နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ

၁။ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့်စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

၃။ ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကိုဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

၄။ လျှပ်စစ်ဓါတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့်အခြေခံစီးပွားရေး အဆောက်အအုံများ လျင်မြန်စွာ တိုးတက်လာစေရေးကိုဦးစားပေး ဆောင်ရွက်ရန်နှင့်Data ID Card System၊ Digital GovernmentStrategy နှင့် e-Government System တို့ကို ထူထောင်သွားရန်၊

၅။ ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ရန်၊

၆။ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြင့်တင်နိုင်ရေး တို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊

၇။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့်ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက်တိုးမြှင့် ဆောင်ရွက်ရန်၊

၈။ အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှု ရရှိလာစေရေး ဆောင်ရွက်ရန်၊

၉။ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေ ဖြစ်စေမည့်မြို့ပြများတည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

၁၀။ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသော အခွန်စနစ်ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

၁၁။ တီထွင်ဖန်တီးမှုစွမ်းရည်များနှင့်အဆင့်မြင့်နည်းပညာတိုးတက်မှုများကိုအားထုတ်ကြိုးပမ်းဖြစ်ပေါ်နိုင်စေသည့်အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက်အထောက်အပံ့ဖြစ်စေသောနည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

၁၂။ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများအတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်။

❑

# ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများတွင် ထုတ်ဝေလေ့ရှိသောစာစောင်များ

၁။ ဘတ်ဂျက်မရေးဆွဲမီဖော်ပြချက်
(Pre - Budget Statement)

၂။ အစိုးရအဖွဲ့မှ တင်ပြသည့်အဆိုပြုလွှာ
(Executive's Budget Proposal)

၃။ ဥပဒေပြဋ္ဌာန်းသည့်ဘတ်ဂျတ်
(Enacted Budget)

၄။ နိုင်ငံသားများအတွက် ဘတ်ဂျတ်
(Citizen's Budget)

၅။ နှစ်အတွင်းအစီရင်ခံစာ
(In-Year Report)

၆။ နှစ်ဝက်သုံးသပ်ချက်အစီရင်ခံစာ
(Mid-Year Reviews)

၇။ နှစ်ပတ်လည်အစီရင်ခံစာ
(Year End Report)

၈။ စာရင်းစစ်အစီရင်ခံစာ
(Audit Report)

◆ ဤစာစောင်သည် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများနည်းတူ အစိုးရက ပြည်သူများ သိရှိစေရန် ထုတ်ပြန်ရမည့် စာစောင် (၈) စောင်အနက် (၁) စောင်အပါအဝင် ဖြစ်သော နိုင်ငံသားများအတွက် ဘတ်ဂျက် (Citizen's Budget) စာစောင် ဖြစ်ပါသည်။ ရခိုင်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအနေဖြင့်ဤစာစောင်ကို အများပြည်သူ လေ့လာ သိရှိနိုင်ရန်နှင့် ရခိုင်ပြည်နယ်အစိုးရမှ ဘတ်ဂျက်ခွဲဝေသုံးစွဲမှု အခြေအနေအား ပွင့်လင်းမြင်သာစွာ သိရှိစေရန် ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။


Citizen’s Budget
စာစောင်ဆိုတာ ဘာလဲ …?
ဖေဖေ…
Citizen’s Budget
စာစောင်ဆိုတာတိုင်းပြည်ရဲ့
ရငွေ၊ သုံးငွေအခြေအနေတွေကို
အကျဉ်းချုပ်ပြီး
ပြည်သူတွေသိအောင်ပွင့်ပွင့်လင်း
လင်းပြောပြထားတဲ့
စာစောင်ဖြစ်တယ် သားရဲ့ …

## ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် ဖြစ်ပေါ်နိုင်သည့် အခြေအနေ(၃)မျိုး

၁။ ရငွေသည် သုံးငွေထက် များပါက

ပိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း

(Surplus Budget)




၂။ သုံးငွေသည် ရငွေထက် များပါက

လိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း


(Deficit Budget)




၃။ ရငွေနှင့်သုံးငွေ ညီမျှပါက

ဘက်ညီ ရသုံးခန့်မှန်းခြေငွေစာရင်း

(Balanced Budget)




မြန်မာနိုင်ငံ၏ရသုံးခန့်မှန်းခြေငွေစာရင်း(Budget)မှာ လိုငွေပြ ရသုံးခန့်မှန်းခြေ ငွေစာရင်း (Deficit Budget) ဖြစ်သည်။

❑

# ရသုံးခန့်မှန်းခြေငွေစာရင်း

ရသုံးခန့်မှန်းခြေငွေစာရင်း
(Budget)

ရငွေ
(Revenue)

- သာမန်ရငွေ (Current Revenue)
- ငွေလုံးငွေရင်းရငွေ (Capital Revenue)
- ကြွေးမြီရငွေ (Financial Revenue)

သုံးငွေ
(Expenditure)

- သာမန်သုံးငွေ (Current Expenditure)
- ငွေလုံးငွေရင်းသုံးငွေ (Capital Expenditure)
- ကြွေးမြီသုံးငွေ (Financial Expenditure)

# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ဝေါဟာရကောက်နှုတ်ချက်များ

## ရသုံးခန့်မှန်းခြေငွေစာရင်း (Budget)

တစ်မျိုးသားလုံး၏ စီမံကိန်းအရ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစုစုပေါင်း မည်မျှရရှိ၍၊ ယင်းငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့မည်ပုံသုံးစွဲမည်၊ ရင်းနှီးမြှုပ်နှံမည် စသည်ဖြင့် နိုင်ငံတော်အဖွဲ့အစည်းများ၏ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်ကို ငွေကြေးဖြင့် ပြုစုဖော်ပြသည့်စာရင်းဖြစ်သည်။

## ဘဏ္ဍာရေးနှစ် (Fiscal Year- FY)

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ် အောက်တိုဘာလ (၁) ရက်မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိဖြစ်သည်။

## မူလခန့်မှန်းခြေ Budget Estimate (BE)

ဘဏ္ဍာရေးနှစ်မတိုင်မီ (၆)လခန့်မှ စတင်၍ ကြိုတင်ခန့်မှန်းထားသော ရငွေ၊ သုံးငွေများစာရင်း ဖြစ်ပါသည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများဖြင့် အတည်ပြုပြဋ္ဌာန်းသည်။

## ဖြည့်စွက်ခွင့်ပြုငွေ Supplementary Grant (SG)

အသုံးစရိတ်တစ်ခုအတွက် မူလခွဲဝေချထားငွေဖြင့် မလုံလောက်၍ဖြစ်စေ၊ အခြားငွေစာရင်းခေါင်းစဉ်တစ်ခုခုမှ လွှဲပြောင်းသုံးစွဲရန် ပိုလျှံငွေမရှိ၍ဖြစ်စေ သို့မဟုတ် အသုံးစရိတ်အသစ်တစ်ခုအတွက် မူလခွဲဝေချထားငွေလုံးဝမရှိ၍ဖြစ်စေ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် ထပ်မံသတ်မှတ်ပေးသည့် ရန်ပုံငွေကို ခေါ်ပါသည်။

## ပြုပြင်ပြီးခန့်မှန်းခြေ Revised Estimate (RE)

လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အသုံးစရိတ်ပိုင်းတွင် မူလခွင့်ပြုငွေအပြင် ဖြည့်စွက်ခွင့်ပြုငွေ ထပ်မံရရှိခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုရန်ပုံငွေများကို အမှန်တကယ်သုံးစွဲရာ၌ မသုံးစွဲဖြစ်သည့်အတွက် လျော့နည်းသွားသောရန်ပုံငွေများကြောင့်လည်းကောင်း၊ ရငွေပိုင်းတွင် မူလလျာထားငွေထက် ပိုမိုရရှိခြင်း (သို့မဟုတ်) လျော့နည်းရရှိခြင်းတို့ကြောင့်လည်းကောင်း ပြုပြင်ပြောင်းလဲသွားသည့် ခန့်မှန်းခြေစာရင်း ဖြစ်ပါသည်။

(RE = BE + SG - လျော့နည်းသုံးစွဲငွေ)

## ယာယီအမှန်စာရင်း Temporary Actual (TA)

ဘဏ္ဍာရေးနှစ်အတွင်း လစဉ်၊ သုံးလပတ်၊ ခြောက်လပတ်နှင့် နှစ်ပတ်လည်ကာလအလိုက်ရရှိသည့် ရငွေများနှင့် ထုတ်ယူသုံးစွဲပြီးသည့် အသုံးစရိတ်များကို သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အလိုက် ပြုစုထားသောစာရင်းဖြစ်ပါသည်။ စာရင်းစစ်ဆေးအတည်မပြုရသေးသည့်စာရင်း ဖြစ်ပါသည်။


## ရှေ့ပြေးအမှန်စာရင်း Provisional Actual (PA)

ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း အတည်ပြုပြီးသည့်နောက်ပိုင်း လုပ်ငန်းလိုအပ်ချက်အရ အထွေထွေပိုလျှံရန်ပုံငွေ General Reserve Fund (GRF) နှင့် သီးသန့်ရန်ပုံငွေ (Reserve Fund)များမှ ထပ်မံခွင့်ပြုသည့်ရန်ပုံငွေများကြောင့်လည်းကောင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးခါနီးတွင် မူလခွင့်ပြုငွေမှမသုံးစွဲဖြစ်၍ ပိုလျှံငွေပြန်လည်အပ်နှံခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုငွေဘောင်အတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းကြောင့်လည်းကောင်း ဖြစ်ပေါ်လာသည့်စာရင်းဖြစ်ပါသည်။PA = RE + GRF –Surrender (ပိုလျှံငွေပြန်အပ်ခြင်း)။ အသုံးစရိတ်သည်(BE + SG + GRF + သီးသန့်ရန်ပုံငွေထက် မပိုရပါ။)

## အမှန်စာရင်း Actual (A)

ရှေ့ပြေးအမှန်စာရင်းဖြစ်ပေါ်ပြီးနောက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် အမှန်တကယ်ရရှိသည့်ငွေနှင့် အမှန်တကယ်သုံးစွဲပြီးသည့် အသုံးစရိတ်များကို ဘဏ်စာရင်းဖြင့် ကိုက်ညှိအတည်ပြုပြီးသော စာရင်းဖြစ်ပါသည်။ စာရင်းစစ်ဆေးအတည်ပြုပြီးသောစာရင်းဖြစ်ပါသည်။

## ဘတ်ဂျက်စက်ဝန်း (Budget Cycle)



# ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းခြင်း

၁၉၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၊ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ တင်သွင်းရမည်၊

(ခ) ပုဒ်မခွဲ(က)ပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေ သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ ၏ လစာ၊စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ပေးဆပ်ရန်တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သောကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့် ဆက်နွယ်သောကုန်ကျစရိတ်များ၊

(၄) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသောအသုံးစရိတ်များ၊

(၅) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကျခံရမည့် အခြားအသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့် ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ။

၁၉၄။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၏ ရငွေ၊ သုံးငွေလျာထားချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်။

❑

## တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ အတည်ပြုခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုအနေဖြင့် တိုင်းဒေသကြီး / ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးမည့် ဘောင်ကိုသတ်မှတ်၍ ဘတ်ဂျက်အဆိုပြု လျာထားချက်များ တောင်းခံသည်။

၂။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏အဆိုပြုလျာထားချက်များကို တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ၏ အတည်ပြုချက်ဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့သည်။

၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ရောက်ရှိလာသောတိုင်းဒေသကြီး/ပြည်နယ်များ၏ အဆိုပြု လျာထားချက်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပဏာမစိစစ်သည်။

၄။ လိုအပ်ချက်များကို စိစစ်ပြီးနောက် ဒုတိယသမ္မတထံတင်ပြသည်။

၅။ ဒုတိယသမ္မတက စိစစ်အတည်ပြုပြီးနောက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှလိုငွေအတွက် ဖြည့်ဆည်းပေးရမည့် ပမာဏနှင့် အထူးကိစ္စရပ်များအတွက် ထောက်ပံ့ပေးရမည့် ပမာဏ တို့ကို ဖော်ပြ၍ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြသည်။

၆။ ဘဏ္ဍာရေးကော်မရှင်က အတည်ပြုထောက်ခံ၍ ပေးပို့သော တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ငွေပေးငွေများပါဝင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့်အခါ တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့က တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်သို့တင်သွင်းသည်။

၇။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် ဥပဒေနှင့်အညီ ဆွေးနွေးအတည်ပြုပြီးသည့်အခါ တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ပြဋ္ဌာန်းသည်။

# နှစ်လတ်ဘဏ္ဍာရေးမူဘောင်
# (Medium Term Fiscal Framework – MTFF)

ဘတ်ဂျက်ရေးဆွဲရာတွင် ယခင်နှစ်များ၏ ရငွေ၊ သုံးငွေများကို အခြေခံရေးဆွဲခြင်းသာမက လာမည့်နှစ်များအတွက် ကြိုတင်ခန့်မှန်းခြင်းသည်လည်း အရေးကြီးပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် လာမည့်ဘဏ္ဍာရေးနှစ် (၃) နှစ်အတွက် ရငွေနှင့်အသုံးစရိတ် များကို ခန့်မှန်းတွက်ချက်ရန် နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) ကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်ကျင့်သုံးခဲ့ပါသည်။ ပြီးခဲ့သော ဘဏ္ဍာရေးနှစ်၏ ရငွေ၊ သုံးငွေများကို အခြေခံပြီး လက်ရှိနှစ်အတွက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ ချမှတ်ထားသော မူဝါဒများ၊ ဦးစားပေးအစီအစဉ်များနှင့် ချိတ်ဆက်၍ နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) ကို ခန့်မှန်းရေးဆွဲပါသည်။

## ရည်ရွယ်ချက်

(က) ဘဏ္ဍာငွေအရအသုံးစာရင်းများတွင် မူလလျာထားချက်နှင့် အမှန်စာရင်းများ ကွာဟနေမှုကို ပိုမိုနီးစပ်စွာ ခန့်မှန်းနိုင်ရန်၊

(ခ) ရရှိနိုင်မည့် အရင်းအမြစ်စုစုပေါင်းပမာဏအား ကြိုတင်ခန့်မှန်းပြီး ၎င်းအပေါ် မူတည်၍ ဌာန အဖွဲ့အစည်းများသို့ အသုံးစရိတ်များအား ထိရောက်စွာ ခွဲဝေချထားပေးရန်၊

(ဂ) ဌာနအဖွဲ့အစည်းများသို့အသုံးစရိတ်မူဘောင်ချမှတ်ပေးခြင်းဖြင့် အရင်းအမြစ်ခွဲဝေမှု ဆိုင်ရာ မဟာဗျူဟာ(Strategic Resource Allocation) ပိုမိုတိုးတက်ကောင်းမွန်စေရန်၊

(ဃ) မူဝါဒအပေါ်အခြေခံ၍ ဘတ်ဂျက်ရေးဆွဲရာတွင် အောက်ခြေမှ အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ စီမံကိန်းရေးဆွဲတင်ပြခြင်းနှင့် အထက်မှအောက်သို့ ဘတ်ဂျက်ချမှတ်ပေးမှုအရ အဆင့်ဆင့် အကောင်အထည်ဖော်နိုင်ခြင်းတို့ကို ပေါင်းစပ်ကျင့်သုံးနိုင်ခြင်းဖြင့် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် နည်းစနစ်များနှင့်အညီ ဖြစ်စေရန်။

ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေအတွက် ထောက်ပံ့ငွေပေးရာတွင် မူဝါဒကို အခြေခံ၍ ညွှန်းကိန်း (၆) ခုဖြင့် တွက်ချက်ကာ ထောက်ပံ့ပေးပါသည်။ အဆိုပါ ညွှန်းကိန်းများမှာ-

### (က) ဖွံ့ဖြိုးမှုလိုအပ်ချက်(Development Needs) (တိုက်ရိုက်ဆက်စပ်မှု)

(၁) စုစုပေါင်းလူဦးရေ (Total Population)

(၂) ဆင်းရဲမှုညွှန်းကိန်း (Poverty Index)

(၃)မြေဧရိယာအကျယ်အဝန်း (Area)

### (ခ) ဘဏ္ဍာရေးအကန့်အသတ် (Fiscal Constraints) (ပြောင်းပြန်ဆက်စပ်မှု)

(၁) တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြလူဦးရေ ပါဝင်မှုအချိုး (Urban Population as Percent of Total State Population)

(၂) တစ်ဦးကျအခွန်ကောက်ခံမှု (Per Capita Tax Collection)

(၃) လူတစ်ဦးချင်း၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏**
**စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ**

| | |
|---|---|
| စုစုပေါင်းရငွေ ခန့်မှန်းခြေ | ကျပ် ၁,၅၀၁၇.၈၄၆ သန်း |
| စုစုပေါင်းအသုံးစရိတ် ခန့်မှန်းခြေ | ကျပ် ၁၆၃,၅၉၇.၈၉၇ သန်း |
| လိုငွေ | ကျပ် ၁၄၈,၅၈၀.၀၅၁ သန်း |

| | |
|---|---|
| စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ကျပ် ၁,၃၃၉,၁၆၅.၀၀၀ သန်း |
| ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ | ကျပ် ၁၄၈,၅၈၀.၀၅၁ သန်း |
| လိုငွေနှင့် GDP အချိုး | ၁၁.၀၉ % |

| | |
|---|---|
| အခွန်အကောက်ရငွေနှင့် အခွန်ဝေစု | ကျပ် ၇,၉၇၈.၂၄၃ သန်း |
| အခွန်အကောက်ရငွေ၊ အခွန်ဝေစုနှင့် GDP အချိုး | ၀.၆ % |
| လူတစ်ဦးချင်း၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capital GDP) | - |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)

| အကြောင်းအရာ | ၂၀၁၇-၂၀၁၈ (ရှေ့ပြေးအမှန်) | ၂၀၁၈ (ဧပြီလမှစက်တင်ဘာလအထိ) | ၂၀၁၈-၂၀၁၉ (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| GDP တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) (ကျပ်သန်းပေါင်း) | ၃,၉၃၅,၅၉၂.၈၀၀ | ၁,၂၉၃,၈၄၁.၀၀၀ | ၄,၄၃၁,၂၉၈.၁၀၀ |
| GDP တန်ဖိုး (ပုံမှန်ဈေးနှုန်း) (ကျပ်သန်းပေါင်း) | ၂,၁၈၆,၇၀၁.၈၀၀ | ၇၄၈,၁၃၇.၈၀၀ | ၃,၉၂၃,၆၄၆.၇၀၀ |
| GDP တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) (ရာခိုင်နှုန်း) | ၃.၇ % | ၄.၉ % | ၂.၉ % |
| လူတစ်ဦးချင်း၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) (ကျပ်) | ၁,၁၉၂,၆၀၄.၀၀၀ | - | ၁,၃၃၉,၁၆၅.၀၀၀ |

*ဇစ်မြစ်။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန*

## ရခိုင်ပြည်နယ်၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများမှာ -

၁။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊
၂။ လျှပ်စစ်မီး ရရှိရေး၊
၃။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊
၄။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊
၅။ သောက်သုံးရေ ရရှိရေး၊
၆။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊
၇။ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး။


## ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၏ရငွေ၊ သုံးငွေ လျာထားချက်များ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ရငွေ | သုံးငွေ | ပိုငွေ(+)/ လိုငွေ(-) |
|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | ၈၈၃၂.၀၀၈ | ၆၄၃၅၇.၃၀၃ | -၅၅၅၂၅.၂၉၅ |
| | ၁ | အစိုးရအဖွဲ့ | ၈၆၀၄.၃၅၁ | ၅၉၄၂၈.၈၆၇ | -၅၀၈၂၄.၅၁၆ |
| | | ၁။ အစိုးရအဖွဲ့ | ၈၆၀၄.၃၅၁ | ၁၃၈၈၃.၉၄၂ | -၅၂၇၉.၅၉၁ |
| | | ၂။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | | ၂၄၄၅.၃၆၅ | -၂၄၄၅.၃၆၅ |
| | | ၃။ ရှေးဟောင်းသုတေသနဦးစီးဌာန | | ၅၀၀.၀၀၀ | -၅၀၀.၀၀၀ |
| | | ၄။ ဗဟိုပြည်တွင်းကုန်တင်ကုန်ချဦးစီးဌာန | | ၅၅.၀၀၀ | -၅၅.၀၀၀ |
| | | ၅။ လမ်းဦးစီးဌာန | | ၂၈၂၃.၀၀၀ | -၂၈၂၃.၀၀၀ |
| | | ၆။ စည်ပင်သာယာရေးအဖွဲ့ | | ၁၁၈၄၁.၀၅၅ | -၁၁၈၄၁.၀၅၅ |
| | | ၇။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | | ၂၇၃၄.၉၇၇ | -၂၇၃၄.၉၇၇ |
| | | ၈။ ဆည်မြောင်းနှင့်ရေအသုံးချမှုဦးစီးဌာန | | ၁၁၄၈၇.၆၆၅ | -၁၁၄၈၇.၆၆၅ |
| | | ၉။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၃၂၈၀.၈၀၈ | -၁၃၂၈၀.၈၀၈ |
| | | ၁၀။ နတလ(ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး) | | ၃၇၇.၀၅၅ | -၃၇၇.၀၅၅ |
| | ၂ | လွှတ်တော် | ၃.၆၀၀ | ၂၆၅၀.၁၆၀ | -၂၆၄၆.၅၆၀ |
| | ၃ | တရားလွှတ်တော် | ၂၁၁.၀၀၀ | ၅၈.၀၀၀ | ၁၅၃.၀၀၀ |
| | ၄ | ဥပဒေချုပ်ရုံး | ၀.၃၅၀ | ၉၃၇.၈၁၉ | -၉၃၇.၄၆၉ |
| | ၅ | စာရင်းစစ်ချုပ်ရုံး | ၁၂.၇၀၇ | ၁၂၈၂.၄၅၇ | -၁၂၆၉.၇၅၀ |
| ၂ | | ဝန်ကြီးဌာနများ၊ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၉၀၁.၇၀၈ | ၉၃၉၅၆.၄၆၄ | -၉၃၀၅၄.၇၅၆ |
| | ၆ | ပြည်ထဲရေးဝန်ကြီးဌာန | ၅၆၅.၃၄၂ | ၁၅၀၁၁.၀၈၆ | -၁၄၄၄၅.၇၄၄ |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၅၅၇.၂၆၅ | ၁၀၆၁၂.၄၆၃ | -၁၀၀၅၅.၁၉၈ |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၀၇၇ | ၅၄၁.၀၃၇ | -၅၄၀.၉၆၀ |
| | | ၃။ မီးသတ်ဦးစီးဌာန | ၈.၀၀၀ | ၃၈၅၇.၅၈၆ | -၃၈၄၉.၅၈၆ |
| | ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁၀၆.၇၁၇ | ၆၃၆၁.၇၂၉ | -၆၂၅၅.၀၁၂ |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | ၈.၅၀၀ | ၃၇၇၄.၃၇၇ | -၃၇၆၅.၈၇၇ |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | ၈၆.၄၀၅ | ၈၂၆.၀၀၄ | -၇၃၉.၅၉၉ |
| | | ၃။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၃.၈၆၈ | ၅၁၈.၂၁၂ | -၅၁၄.၃၄၄ |
| | | ၄။ သမဝါယမဦးစီးဌာန | ၂.၀၀၄ | ၈၉၅.၈၄၉ | -၈၉၃.၈၄၅ |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၅.၉၄၀ | ၃၄၇.၂၈၇ | -၃၄၁.၃၄၇ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁၅၀.၆၅၁ | ၂၄၃၈.၈၁၇ | -၂၂၈၈.၁၆၆ |
| | | ၁။ သစ်တောဦးစီးဌာန | ၁၄၂.၆၅၁ | ၁၆၂၇.၂၇၈ | -၁၄၈၄.၆၂၇ |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၇၀၇.၅၄၇ | -၇၀၇.၅၄၇ |
| | | ၃။သတ္တုတွင်းဦးစီးဌာန (ရခိုင်ပြည်နယ်ဆားလုပ်ငန်းရုံး) | ၈.၀၀၀ | ၁၀၃.၉၉၂ | -၉၅.၉၉၂ |
| | ၉ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၅.၀၀၀ | ၂၀၁၄၅.၄၂၂ | -၂၀၁၄၀.၄၂၂ |
| | | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၅.၀၀၀ | ၂၀၁၄၅.၄၂၂ | -၂၀၁၄၀.၄၂၂ |
| | ၁၀ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၁၂.၀၆၀ | ၂၀၆၀.၂၅၆ | -၂၀၄၈.၁၉၆ |
| | | အားကစားနှင့်ကာယပညာဦးစီးဌာန | ၁၂.၀၆၀ | ၂၀၆၀.၂၅၆ | -၂၀၄၈.၁၉၆ |
| | ၁၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၁၈.၅၃၀ | ၁၇၂၀.၃၆၄ | -၁၇၀၁.၈၃၄ |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၂၀၀ | ၁၂၂၆.၂၃၄ | -၁၂၂၆.၀၃၄ |
| | | ၂။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၄၈.၀၂၄ | -၁၄၈.၀၂၄ |
| | | ၃။ ဗဟိုစာရင်းအင်းအဖွဲ့ | | ၂၄၈.၈၁၂ | -၂၄၈.၈၁၂ |
| | | ၄။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | ၁၈.၃၃၀ | ၉၇.၂၉၄ | -၇၈.၉၆၄ |
| | ၁၂ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၄၃.၄၀၈ | ၄၆၂၁၈.၇၉၀ | -၄၆၁၇၅.၃၈၂ |
| | | ၁။မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၄၀.၀၂၆ | ၆၃၉၈.၇၉၀ | -၆၃၅၈.၇၆၄ |
| ၃ | | ၂။လမ်းဦးစီးဌာန | ၃.၃၈၂ | ၃၉၈၂၀.၀၀၀ | -၃၉၈၁၆.၆၁၈ |
| | | စည်ပင်သာယာရေးအဖွဲ့များ | ၅၂၈၄.၁၃၀ | ၅၂၈၄.၁၃၀ | |
| | | စုစုပေါင်း | ၁၅၀၁၇.၈၄၆ | ၁၆၃၅၉၇.၈၉၇ | -၁၄၈၅၈၀.၀၅၁ |


## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန်၊ ၂၀၁၈ ခု၊ (ဧပြီလမှ စက်တင်ဘာလအထိ)နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ ရငွေ၊ သုံးငွေ အခြေအနေ

(ကျပ်ဘီလီယံ)




## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ ငွေလုံးငွေရင်းအသုံးစရိတ် ငွေစာရင်းခေါင်းစဉ်အလိုက် အသုံးစရိတ် (ရာခိုင်နှုန်း) အခြေအနေ

(ကျပ်ဘီလီယံ)



## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏အရအသုံးခန့်မှန်းခြေငွေစာရင်းများ

| စဉ် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|
| ၁။ | အခွန်အကောက်ရငွေ | ၁၀၈၈.၈၉၂ |
| ၂။ | အခြားသာမန်ရငွေ | ၇,၀၃၉.၆၀၃ |
| ၃။ | အခွန်ဝေစုရငွေ | ၆,၈၈၉.၃၅၁ |
| | စုစုပေါင်းရငွေ | ၁၅,၀၁၇.၈၄၆ |
| ၄။ | သာမန်အသုံးစရိတ် | ၄၆,၂၅၉.၅၃၆ |
| ၅။ | ငွေလုံးငွေရင်းအသုံးစရိတ် | ၁၁၇,၃၃၈.၃၆၁ |
| | စုစုပေါင်းသုံးငွေ | ၁၆၃,၅၉၇.၈၉၇ |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမှ ရခိုင်ပြည်နယ်သို့ ခွဲဝေပေးသည့် အခွန်ဝေစုများ


| စဉ် | ဘဏ္ဍာရေးနှစ် | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|
| ၁။ | ၂၀၁၇-၂၀၁၈ (ပြင်ဆင်ခန့်မှန်း) | ၁၄,၄၃၉.၅၁၃ |
| ၂။ | ၂၀၁၈ ခု၊(ဧပြီလမှစက်တင်ဘာလအထိ) | ၄,၃၉၅.၉၈၉ |
| ၃။ | ၂၀၁၈-၂၀၁၉ (မူလခန့်မှန်းခြေ) | ၆,၈၈၉.၃၅၁ |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမှ ရခိုင်ပြည်နယ်သို့ လိုငွေအတွက် ထောက်ပံ့ငွေများ


| စဉ် | ဘဏ္ဍာရေးနှစ် | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|
| ၁။ | ၂၀၁၇-၂၀၁၈ (ပြင်ဆင်ခန့်မှန်း) | ၁၄၃,၇၃၇.၄၄၄ |
| ၂။ | ၂၀၁၈ ခု၊(ဧပြီလမှစက်တင်ဘာလအထိ) | ၇၀,၇၅၃.၇၁၅ |
| ၃။ | ၂၀၁၈-၂၀၁၉ (မူလခန့်မှန်းခြေ) | ၁၄၈,၅၈၀.၀၅၁ |

## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## ရခိုင်ပြည်နယ်၏ စုစုပေါင်းရငွေနှင့် အသုံးစရိတ်အခြေအနေ

(ကျပ်ဘီလီယံ)




## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## ရခိုင်ပြည်နယ်၏ စုစုပေါင်းရငွေ ရရှိနိုင်မှု ခန့်မှန်းခြေ (ရာခိုင်နှုန်း)




## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## ရခိုင်ပြည်နယ်၏အခွန်အကောက်ရငွေ လျာထားချက်များ


(ကျပ်သန်းပေါင်း)

| စဉ် | အခွန်အမျိုးအစား | ကောက်ခံသည့်ဌာန/အဖွဲ့အစည်း | ၂၀၁၈-၂၀၁၉ ခန့်မှန်းခြေ |
|---|---|---|---|
| ၁။ | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | | ၄၁၈.၅၅၅ |
| | ၁။ ယစ်မျိုးခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၄၁၈.၅၅၅ |
| ၂။ | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက် | | ၃၄၈.၄၁၆ |
| | ၁။ မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ၈၉.၂၄၀ |
| | ၂။ တာတမံခွန် | ॥ | ၀.၁၇၅ |
| | ၃။ ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | ॥ | ၄၀.၀၉၅ |
| | ၄။ သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | သစ်တောဦးစီးဌာန | ၁၃၇.၅၅၁ |
| | ၅။ အင်းအိုင်ခွန် | ငါးလုပ်ငန်းဦးစီးဌာန | ၈၁.၃၅၅ |
| ၃။ | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့် အခွန်အကောက် | | ၃၂၁.၉၂၁ |
| | ၁။ ပစ္စည်းခွန် | စည်ပင်သာယာရေးအဖွဲ့များ | ၂၈၁.၁၁၅ |
| | ၂။ ဘီးခွန် | ॥ | ၄၀.၈၀၆ |
| | စုစုပေါင်း | | ၁၀၈၈.၈၉၂ |

## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်ရခိုင်ပြည်နယ်၏ အခွန်အမျိုးအစားအလိုက် ခန့်မှန်းခြေ (ရခိုင်နှုန်း)





## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ဌာန၊ အဖွဲ့အစည်းများသို့ ခွဲဝေပေးသည့် အသုံးစရိတ် (ရခိုင်နှုန်း) အခြေအနေ




## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်ရခိုင်ပြည်နယ်၏ စုစုပေါင်းအသုံးစရိတ်အပေါ် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် (ရာခိုင်နှုန်း) အခြေအနေ

(ကျပ်ဘီလီယံ)




## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ်အပေါ်ဆောက်လုပ်ရေးလုပ်ငန်းအသုံးစရိတ်(ရာခိုင်နှုန်း) အခြေအနေ

(ကျပ်ဘီလီယံ)



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးမူဝါဒ

## အခွန်မူဝါဒ

(၁) နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များအတွက်သာ အခွန်ကိုကောက်ခံခြင်း မဟုတ်ဘဲ နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံးငွေကြေးစနစ်ကို ဖော်ဆောင်၍ ငွေကြေးလည်ပတ်မှု မှန်ကန်စေရန်၊

(၂) ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းရန်၊

(၃) ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကိုအခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊

(၄) ကုန်ဈေးနှုန်းတည်ငြိမ်မှုအတွက် အထောက်အကူပြုရန်၊

(၅) ဝင်ငွေခွဲဝေမှုမျှတစေရန်နှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုရန်။

## အသုံးစရိတ်မူဝါဒ

(၁) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်များကို ဆက်လက်တိုးမြှင့်သုံးစွဲရန်၊

(၂) ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊

(၃) ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျစိစစ်ခွင့်ပြုရန်၊

(၄) စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲပြီး လတ်တလောမလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်းဆောင်ရွက်ရန်၊

(၅) ပစ္စည်းဝယ်ယူမှုများကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်၊

(၆) ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေများကို စိစစ်ရယူရန်၊

(၇) ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးတို့အတွက် တိုးမြှင့်သုံးစွဲရန်။

## ဘဏ္ဍာရေးကျင့်စဉ်ကြီးများ

- အသုံးစရိတ်တစ်ရပ်ကို အမှန်တကယ်လိုအပ်သည်ထက် ပိုမို၍မသုံးစွဲရန် အထူးကြပ်မတ်ရမည်။
- ချင့်ချိန်ဝေဖန်နိုင်သော သာမန်ပုဂ္ဂိုလ်တစ်ဦးက မိမိပိုင်ငွေများကို သုံးစွဲရာ၌ ချင့်ချိန်သကဲ့သို့ပင် ပြည်သူ့ဝန်ထမ်းတိုင်းသည် ပြည်သူ့ဘဏ္ဍာငွေသုံးစွဲရာ၌ အလားတူချင့်ချိန်သုံးစွဲရမည်။
- လုပ်ပိုင်ခွင့်ရှိသူတစ်ဦးသည် မိမိ၏လုပ်ပိုင်ခွင့်အရ အမိန့်တစ်ရပ်ချမှတ်ရာ၌ မိမိအားတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးဖြစ်ထွန်းစေမည့်အမိန့်ကိုမချမှတ်ရ။
- ခြွင်းချက်ပြုထားသောကိစ္စရပ်များမှတပါး ပြည်သူ့ဘဏ္ဍာငွေများကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် (သို့) အဖွဲ့အစည်းတစ်ခုခု၏ အထူးအခွင့်အရေးအနေဖြင့် အကျိုးကျေးဇူးဖြစ်စေရန် အသုံးမပြုရ။
- နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာ၌ ကုန်ကျစရိတ်ကို ကာမိစေရန်ခွင့်ပြုသည့်ခရီးစရိတ်ကဲ့သို့သောစရိတ်များသည်လက်ခံရရှိသူအတွက်အမြတ်အစွန်းမဖြစ်စေရ။

❑

## အသုံးစရိတ်အတွက် အခြေခံအချက်များ

အသုံးစရိတ်တစ်ရပ်ကို ကျခံရာ၌ဖြစ်စေ၊ ပြည်သူ့ဘဏ္ဍာငွေမှ နောက်ပေးချေရန်များကို တာဝန်ယူရာ၌ဖြစ်စေ အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

- အသုံးစရိတ်ကျခံရန် ခွင့်ပြုပိုင်ခွင့်ရှိသူ (သို့) ယင်းက လုပ်ပိုင်ခွင့် ထပ်ဆင့် အပ်နှင်းခြင်းခံရသူ၏ အထူး (သို့) ယေဘူယျခွင့်ပြုမိန့် ပါရှိရမည်။
- အသုံးစရိတ်အတွက် လုံလောက်သည့်ရန်ပုံငွေကို လျာထားသတ်မှတ်ပြီး ဖြစ်ရမည်။
- သုံးစွဲငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖြစ်စေရမည်။

## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်ရှိ မြို့နယ် (၁၇) ခု၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ

| | (ကျပ်သန်းပေါင်း) |
|---|---|
| **(၁) စစ်တွေမြို့နယ်** | **၁၈၁၅၁.၃၉၁** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၂၄၃၄.၇၉၀ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၄၂၇၂.၆၃၅ |
| ၃။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ | ၃၀၉၁.၀၀၀ |
| ၄။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၅၂၀.၀၀၀ |
| ၅။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၁၃၂၈.၃၉၀ |
| ၆။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၆၀၁၈.၀၇၆ |
| ၇။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၄၈၆.၅၀၀ |
| **(၂) ပုဏ္ဏားကျွန်းမြို့နယ်** | **၄၃၁၄.၆၇၈** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၃၅၂.၇၅၃ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၆၀၂.၄၇၀ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၆၉၀.၀၀၀ |
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၁၅၈၁.၀၂၅ |
| ၅။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၀၀၃.၄၃၀ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၈၅.၀၀၀ |
| **(၃) ကျောက်တော်မြို့နယ်** | **၆၃၅၂.၀၁၁** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၉၁၄.၂၂၁ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၁၆၁၀.၈၆၀ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၅၀၀.၀၀၀ |
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၁၁၈၂.၇၅၀ |
| ၅။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၉၃၅.၁၈၀ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၂၀၉.၀၀၀ |
| **(၄) မြောက်ဦးမြို့နယ်** | **၄၄၆၀.၀၄၁** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၆၈၀.၀၆၃ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၉၄၁.၁၅၅ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၅၅၀.၀၀၀ |

| | (ကျပ်သန်းပေါင်း) |
|---|---|
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၆၄၇.၁၂၅ |
| ၅။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၅၁၅.၆၉၈ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၁၂၆.၀၀၀ |
| **(၅) မင်းပြားမြို့နယ်** | **၇၇၂၅.၈၆၉** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၃၅.၀၀၀ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၄၄၄၅.၀၃၀ |
| ၃။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး | ၂၀၀.၀၀၀ |
| ၄။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၅၇၀.၀၀၀ |
| ၅။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၈၃၉.၄၆၀ |
| ၆။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၄၇၈.၈၇၉ |
| ၇။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၁၅၇.၅၀၀ |
| **(၆) မြေပုံမြို့နယ်** | **၅၄၄၇.၃၄၁** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၃၂၄.၆၉၂ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၉၇၅.၃၀၀ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၉၁၂.၃၆၅ |
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၁၉၀၇.၀၀၀ |
| ၅။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၂၇၉.၉၈၄ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၄၈.၀၀၀ |
| **(၇) အမ်းမြို့နယ်** | **၇၀၁၉.၈၀၀** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၃၃၉၉.၇၀၀ |
| ၂။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး | ၄၆၄.၀၀၀ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၇၇၈.၀၀၀ |
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၉၄၈.၄၃၀ |
| ၅။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၃၈၂.၁၇၀ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၄၇.၅၀၀ |

| | (ကျပ်သန်းပေါင်း) |
|---|---|
| **(၈) ရသေ့တောင်မြို့နယ်** | **၆၂၂၂.၂၄၈** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၉၉၄.၅၀၆ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၂၁၀၀.၅၃၀ |
| ၃။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး | ၅၀.၀၀၀ |
| ၄။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၈၇၀.၀၀၀ |
| ၅။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၉၃၆.၁၀၀ |
| ၆။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၁၆၆.၅၁၁ |
| ၇။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၁၀၄.၆၀၁ |
| **(၉) ဘူးသီးတောင်မြို့နယ်** | **၅၆၁၀.၈၆၄** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၁၃.၂၀၀ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၂၇၂၈.၉၆၀ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၈၇၀.၀၀၀ |
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၃၇၄.၀၀၀ |
| ၅။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၃၂၉.၈၈၄ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၂၉၄.၈၂၀ |
| **(၁၀) မောင်တောမြို့နယ်** | **၆၇၀၆.၇၈၉** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၇၈.၁၀၀ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၃၆၁၀.၈၉၈ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၄၂၅.၀၀၀ |
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၇၅၂.၅၅၀ |
| ၅။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၇၀၈.၁၀၀ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၁၃၂.၁၄၁ |
| **(၁၁) ရမ်းဗြဲမြို့နယ်** | **၇၀၉၃.၈၁၀** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၅၆၅.၅၃၇ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၃၄၅၆.၃၈၁ |

| | (ကျပ်သန်းပေါင်း) |
|---|---|
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၈၉၀.၀၀၀ |
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၉၇၁.၅၀၀ |
| ၅။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၁၇၆.၇၉၂ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၃၃.၆၀၀ |
| **(၁၂) မာန်အောင်မြို့နယ်** | **၃၇၈၄.၄၇၄** |
| ၁။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၁၆၇၉.၂၀၀ |
| ၂။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၄၉၀.၀၀၀ |
| ၃။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး | ၄၅၀.၄၈၀ |
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၃၄၀.၀၉၀ |
| ၅။လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၈၀၆.၁၀၄ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၁၈.၆၀၀ |
| **(၁၃) ကျောက်ဖြူမြို့နယ်** | **၇၄၃၆.၇၈၂** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၁၉၃၁.၈၃၂ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၉၁၃.၈၅၇ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၈၆၀.၀၀၀ |
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၁၆၆၂.၂၅၀ |
| ၅။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၈၈၈.၈၄၃ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၁၈၀.၀၀၀ |
| **(၁၄) သံတွဲမြို့နယ်** | **၁၀၂၅၁.၅၂၁** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၁၁၂၅.၁၀၆ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၃၀၁၅.၀၀၀ |
| ၃။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး | ၈၀၀.၀၀၀ |
| ၄။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၇၂၅.၀၀၀ |
| ၅။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၂၆၈၂.၃၈၀ |

| | |
|---|---|
| | (ကျပ်သန်းပေါင်း) |
| ၆။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၅၉၄.၀၃၅ |
| ၇။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၃၁၀.၀၀၀ |
| **(၁၅) တောင်ကုတ်မြို့နယ်** | **၈၁၇၇.၁၂၃** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၁၄၇.၀၀၀ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၃၂၄၆.၈၂၀ |
| ၃။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး | ၄၀၀.၀၀၀ |
| ၄။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၇၃၀.၀၀၀ |
| ၅။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၁၇၈၅.၉၈၀ |
| ၆။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၇၄၁.၀၃၁ |
| ၇။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၁၂၆.၂၉၂ |
| **(၁၆) ဂွမြို့နယ်** | **၄၉၆၄.၆၆၉** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၈၉၂.၉၃၇ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၉၅၁.၇၂၀ |
| ၃။ မီးဘေး၊ ရေဘေး၊ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး | ၃၂၉.၄၉၇ |
| ၄။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၄၇၂.၃၀၀ |
| ၅။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၁၀၁၅.၃၉၂ |
| ၆။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၂၅၈.၂၀၈ |
| ၇။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၄၄.၆၁၅ |
| **(၁၇) ပေါက်တောမြို့နယ်** | **၃၆၁၈.၉၅၀** |
| ၁။ အဆောက်အဦများ ဆောက်လုပ်ခြင်း | ၃၀.၈၀၀ |
| ၂။ အခြားဆောက်လုပ်မှုလုပ်ငန်းများ | ၆၀၈.၄၀၀ |
| ၃။ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ | ၆၃၅.၀၀၀ |
| ၄။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ | ၁၁၉၁.၀၀၀ |
| ၅။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးလုပ်ငန်းများ | ၁၀၇၃.၄၂၅ |
| ၆။ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ | ၈၀.၃၂၅ |

*ဇစ်မြစ်။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန*

## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ပြည်နယ်လမ်းဦးစီးဌာနမှအကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ

- သာမန်အသုံးစရိတ် - ကျပ် ၁၀၀၀၀.၀၀၀ သန်း
- ငွေလုံးငွေရင်းအသုံးစရိတ် - ကျပ် ၃၂၆၄၃.၀၀၀ သန်း
- စုစုပေါင်းအသုံးစရိတ် - ကျပ် ၄၂၆၄၃.၀၀၀ သန်း











## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှအကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ

- သာမန်အသုံးစရိတ် - ကျပ် ၂၇၉၉.၆၃၆ သန်း
- ငွေလုံးငွေရင်းအသုံးစရိတ် - ကျပ် ၁၄၃၂၅.၅၄၉ သန်း
- စုစုပေါင်းအသုံးစရိတ် - ကျပ် ၁၇၁၂၅.၁၈၅ သန်း







## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အတွင်းရှိ လျှပ်စစ်မီး ရရှိရေးအတွက်ပြည်နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ

❖ ငွေလုံးငွေရင်းအသုံးစရိတ် - ကျပ် ၂၀၁၄၅.၄၂၂ သန်း







## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အတွင်းရှိ ရေငန်တားတာတမံ၊ ရေထိန်းတံခါး တည်ဆောက်မှုအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ

❖ ငွေလုံးငွေရင်းအသုံးစရိတ် - ကျပ် ၁၄၂၂၂.၆၄၂ သန်း








## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အတွင်းရှိ
## ကျေးလက်ရေ ရရှိရေးအတွက်
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
## အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ

❖ ငွေလုံးငွေရင်းအသုံးစရိတ် - ကျပ် ၂၄၄၅.၃၆၅ သန်း









## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းများ

❖ ငွေလုံးငွေရင်းအသုံးစရိတ် - ကျပ် ၁၃၂၈၀.၈၁၈ သန်း








## UNDP မှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ သို့ မြို့နယ်(၅)မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေ ကျပ် ၃.၂၈၁ ဘီလီယံ ကို ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲမည့်စာရင်း

- ပုဏ္ဏားကျွန်းမြို့နယ် - ၀.၅၈၀ (ဘီလီယံ)
- ရမ်းဗြဲမြို့နယ် - ၀.၄၇၄ (ဘီလီယံ)
- တောင်ကုတ်မြို့နယ် - ၀.၈၃၈ (ဘီလီယံ)
- သံတွဲမြို့နယ် - ၀.၆၉၆ (ဘီလီယံ)
- ဂွမြို့နယ် - ၀.၆၉၃ (ဘီလီယံ)

(၅)မြို့နယ်စုစုပေါင်း - ၃.၂၈၁ (ဘီလီယံ)

### ပုဏ္ဏားကျွန်းမြို့နယ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများစာရင်း

| စဉ် | လုပ်ငန်းအမျိုးအစား | ငွေရေပ်(ဘီလီယံ) |
|---|---|---|
| ၁ | ပေ(၅၀)အရှည် သံကူကွန်ကရစ်တံတားအသစ်(၂)စင်း | ၀.၁၀၅ |
| ၂ | ပေ(၅၀)အရှည် တောင်စွယ်ရွာဦးတံတား အကြီးစားပြင်ဆင်ခြင်း | ၀.၀၄၃ |
| ၃ | လမ်း(၁)မိုင် ကွန်ကရစ်ခင်းခြင်း | ၀.၂၃၅ |
| ၄ | (၉၀'×၃၀') ကျောင်းဆောင်သစ်(၂)ဆောင်နှင့် အိမ်သာ(၁၀)လုံး ဆောက်လုပ်ခြင်း | ၀.၁၂၇ |
| ၅ | အထွေထွေ | ၀.၀၇၀ |
| | . | ၀.၅၈၀ |

### ရမ်းဗြဲမြို့နယ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများစာရင်း

| စဉ် | လုပ်ငန်းအမျိုးအစား | ငွေရေပ်(ဘီလီယံ) |
|---|---|---|
| ၁ | တံတား(၁၂၀'×၁၄')ဆောက်လုပ်ခြင်း | ၀.၁၂၀ |
| ၂ | မြေသားလမ်း(၁)မိုင်၊ ကျောက်ချောလမ်း(၁)မိုင်နှင့် ကွန်ကရစ်တံတားငယ် (၁)စင်း၊ ရေပြွန်(၂)စင်း ဆောက်လုပ်ခြင်း | ၀.၁၀၄ |
| ၃ | (၁)မိုင်(၂)ဖာလုံ မြေသားနှင့် ကျောက်ချောလမ်းခင်းခြင်း၊ ကွန်ကရစ်တံတား ငယ်(၂)စင်း၊ ရေပြွန်(၃)စင်း ဆောက်လုပ်ခြင်း | ၀.၁၄၃ |
| ၄ | (၁၅၀'×၁၀') ကျွေးရွာရေကန်ပြုပြင်ခြင်းနှင့် ရေကန်ခြံစည်းရိုးကာရံခြင်း | ၀.၀၅၀ |
| ၅ | အထွေထွေ | ၀.၀၅၇ |
| | စုစုပေါင်း | ၀.၄၇၄ |

## တောင်ကုတ်မြို့နယ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများစာရင်း

| စဉ် | လုပ်ငန်းအမျိုးအစား | ငွေရပ်(ဘီလီယံ) |
|---|---|---|
| ၁ | လမ်း(၃ မိုင် ၄.၂၃ ဖာလုံ)နှင့် (၅)ပေ ရေပြွန်(၇)စင်း ဆောက်လုပ်ခြင်း | ၀.၁၈၀ |
| ၂ | လမ်းအရှည်(၁ မိုင် ၇.၅ ဖာလုံ)နှင့် (၁၂)ပေ သံကူကွန်ကရစ်တံတားတစ်စင်း၊<br>(၅)ပေ ရေပြွန်(၇)စင်း ဆောက်လုပ်ခြင်း | ၀.၃၂၆ |
| ၃ | ကျန်းမာရေးဌာနခွဲ(၁)ခုဆောက်လုပ်ခြင်း | ၀.၀၆၃ |
| ၄ | (၁၄၀'×၃၀') အထက(ခွဲ) နှစ်ထပ်ဆောင် ဆောက်လုပ်ခြင်း | ၀.၁၆၈ |
| ၅ | အထွေထွေ | ၀.၁၀၁ |
| | စုစုပေါင်း | ၀.၈၃၈ |

## သံတွဲမြို့နယ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများစာရင်း

| စဉ် | လုပ်ငန်းအမျိုးအစား | ငွေရပ်(ဘီလီယံ) |
|---|---|---|
| ၁ | လမ်း(၂ မိုင် ၄.၅၄ ဖာလုံ)ဖောက်လုပ်ခြင်း | ၀.၃၂၀ |
| ၂ | ကွန်ကရစ်တံတား(၄၀'×၁၈'×၁၃')ဆောက်လုပ်ခြင်း | ၀.၁၀၈ |
| ၃ | (၉၀'×၃၀') မူလွန်စာသင်ကျောင်းဆောက်လုပ်ခြင်း | ၀.၀၅၉ |
| ၄ | ကျေးလက်ကျန်းမာရေးဌာနခွဲ(စံကိုက်) (၂)ခုဆောက်လုပ်ခြင်း | ၀.၁၂၉ |
| ၅ | အထွေထွေ | ၀.၀၈၀ |
| | စုစုပေါင်း | ၀.၆၉၆ |

## ဂွမြို့နယ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများစာရင်း

| စဉ် | လုပ်ငန်းအမျိုးအစား | ငွေရပ်(ဘီလီယံ) |
|---|---|---|
| ၁ | ကမ်းသာယာဆည်မှ ဆပ်သွားတိုက်နယ်ဆေးရုံနှင့် ကျေးရွာ(၄)ရွာသို့<br>ရေပိုက်လိုင်းသွယ်တန်းခြင်း | ၀.၆၂၂ |
| ၂ | အထွေထွေ | ၀.၀၇၁ |
| | စုစုပေါင်း | ၀.၆၉၃ |

**ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

- ညွှန်ကြားရေးမှူး ၀၄၃-၂၄၃၁၆
- ဒုတိယညွှန်ကြားရေးမှူး ၀၄၃-၂၂၀၄၁
- လက်ထောက်ညွှန်ကြားရေးမှူး ၀၄၃-၂၂၀၇၂
- ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာန (ဘတ်ဂျက်ဌာနခွဲ) ၀၄၃-၂၄၃၁၇

ဤစာအုပ်နှင့်ပတ်သက်၍ အကြံပြုလိုပါက အောက်ပါ e-mail သို့မဟုတ် ရုံးလိပ်စာသို့ ပေးပို့နိုင်ပါသည်။


- e mail: rakhinebudget02@gmail.com

- ရုံးလိပ်စာ- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ လမ်းမကြီးလမ်း၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်